ဘိုကုန်းကျေးရွာ

လပွတ္တာမြို့နယ်

Village Development Plan

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

( ၂၀၂၀-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘိုကုန်းကျေးရွာ၊ လပွတ္တာမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စကားချီး

ဘိုကုန်းကျေးရွာ သယံဇာတပြမြေပုံ

ဘိုကုန်းကျေးရွာ ရာသီခွင်ပြမြေပုံ

ဘိုကုန်းကျေးရွာ( Venn Diagram) အဖွဲ့အစည်းပြမြေပုံ

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ)     စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁)   ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂)   ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃)   ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေး လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ် မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံသာမကာ နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေး လက်ဒေသဖွံ့ ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်း အချက် အလက်တို့၏ အရေး ပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်း စစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြ ဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ဘိုကုန်းကျေးရွာ

လပွတ္တာမြို့နယ်

# ဘိုကုန်းကျေးရွာသယံဇာတပြမြေပုံ၊လပွတ္တာမြို့နယ်



# ဘိုကုန်းကျေးရွာရာသီခွင်ပြမြေပုံ၊လပွတ္တာမြို့နယ်

လပွတ္တာမြို့နယ် အိုင်းတောင်ကျေးရွာအုပ်စု ဘိုကုန်းကျေးရွာ ရာသီခွင်ပြဇယား

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | အညွှန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | နည်း | သင့် | သင့် | ရှိ | ရှိ | နည်း | နည်း | ရှိ | ရှိ | ရှိ | သင့် | နည်း | |
| မိသားစုဝင်ငွေ | နည်း | နည်း | သင့် | သင့် | ရှိ | နည်း | နည်း | သင့် | ရှိ | ရှိ | သင့် | နည်း | |
| အသုံးစရိတ် | သင့် | နည်း | နည်း | များ | များ | သင့် | များ | များ | များ | သင့် | သင့် | များ | |
| ချေးငွေလိုအပ်မှု | ရှိ | သင့် | သင့် | ရှိ | ရှိ | ရှိ | ရှိ | နည်း | နည်း | သင့် | သင့် | သင့် | |
| သောက်သုံးရေ ရရှိမှု | သင့် | နည်း | နည်း | မရှိ | မရှိ | မရှိ | မရှိ | သင့် | သင့် | ရှိ | ရှိ | ရှိ | |
| တိရစ္ဆာန်အစာ အဟာရရရှိမှု | ရှိ | သင့် | သင့် | နည်း | နည်း | နည်း | နည်း | နည်း | သင့် | သင့် | သင့် | သင့် | |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | သင့် | သင့် | ရှိ | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | ရှိ | |
| ကျန်းမာရေး အခြေအနေ | သင့် | သင့် | ရှိ | ရှိ | နည်း | နည်း | နည်း | နည်း | သင့် | သင့် | ရှိ | ရှိ | |
| သီးနှံပိုးမွှားကျရောက်မှု | မရှိ | မရှိ | မရှိ | သင့် | သင့် | ရှိ | ရှိ | ရှိ | သင့် | မရှိ | မရှိ | မရှိ | |
| ပွဲတော် | ရှိ | သင့် | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | သင့် | မရှိ | မရှိ | ရှိ | |
| သဘာဝဘေးအန္တရာယ် ကျရောက်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | သင့် | နည်း | နည်း | နည်း | သင့် | သင့် | သင့် | |
| ရာသီဥတု | | | | | | | | | | | | | |

အညွှန်း -

- နေသာ
- တိမ်အသင့်အတင့်ရှိ
- တိမ်ထူထပ်
- မိုးနည်းနည်းရွာ
- မိုးများ

# ဘိုကုန်းကျေးရွာ၏အဖွဲ့အစည်းပြမြေပုံ(Venn Diagram)



# အပိုင်း  (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
# ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘိုကုန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ဘိုင့်တောင်ချောင်းကျေးရွာအုပ်စု အတွင်းတွင်တည်ရှိပါသည်။ ဘိုကုန်းကျေးရွာ ရှိလမ်းများမှာ များသောအားဖြင့် သဲလမ်းဖြစ်ပါသည်။ ကျေးရွာချင်းဆက်သွယ်ထားသောရွာ (၆)ရွာရှိပြီး ကျေးရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းများဖြစ်ကြပါသည်။ လပွတ္တာမြို့မှ ဘိုကုန်းကျေးရွာသို့ ရေလမ်းခရီးဖြင့်သာ သွားလာနိုင်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မမှာ (၈၀)ခန့်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ နေပူချိန် (၃၂ ℃) အထက်ရရှိသည်။ ကျေးရွာတွင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် နေပူရှိန်ပူပြင်း၍ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ထို့ကြောင့် ကျေးရွာရှိ တောင်သူလယ်သမား အချို့မှာ သီးနှံစိုက်ခင်းများ ပျက်ဆီးလေ့ရှိပါသည်။ လယ်ယာမြေများမှ မြေဩဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧကပေါင်း (၁၅၅၈) ရှိ ပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများ လုပ်ကိုင်ကြပြီး ဥယျာဉ်ခြံမြေများ ပိုင်ဆိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့မှာ အမျိုးသား (၉)ဦးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီတွင် အမျိုးသား (၅)ဦးနှင့် အမျိုးသမီး (၄)ဦး သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွင် အမျိုးသား (၉)ဦး၊ အမျိုးသမီး (၃)ဦးတို့ရှိပြီး ရွာရှိ စာသင်ကျောင်းတွင် ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်အောင်ဆောင်ရွက်လျှက်ရှိပါသည်။ ဂေါပကအဖွဲ့တွင် အမျိုးသား (၂၄)ဦး၊ အမျိုးသမီး (၈)ဦးရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဘာသာရေးနှင့် တရားဓမ္မလုပ်ငန်းများ ပြန့်ပွားအောင် ဆောင်ရွက်လျှက်ရှိပါသည်။ ဘိုကုန်းကျေးရွာရှိ နာရေးကူညီမှုအသင်းတွင် အမျိုးသား (၁၀)ဦး၊ အမျိုးသမီး (၅)ဦး ရှိပြီး ကျေးရွာ နာရေးလုပ်ငန်းများတွင် ဝိုင်းဝန်း ကူညီလုပ်ဆောင်ပေးကြပါသည်။

ကျေးရွာတွင် ပြည်သူ့စစ်၊ မီးသတ်အဖွဲ့တွင် အမျိုးသား (၁၀)ဦး ရှိပြီး ကျေးရွာ၏ တည်ငြိမ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများတွင် အုပ်ချုပ်ရေးပိုင်းနှင့်တွဲလျှက် ကူညီလုပ်ဆောင်ပေးလျှက်ရှိကြပါသည်။ ကျေးလက်ကျန်းမာရေးကော်မတီတွင် အမျိုးသား (၇)ဦး၊ အမျိုးသမီး (၃)ဦး ရှိပြီး ကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီပေးကြပါသည်။ ထို့နောက် ကျေးရွာရှိ မီးလင်းရေးကော်မတီတွင် အမျိုးသား

(၈)ဦး၊ အမျိုးသမီး (၃)ဦးတို့မှ ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဦးဆောင်၍ ဆောင်ရွက်လုပ်ကိုင်ကြပါသည်။

ဘိုကုန်းကျေးရွာ၏ ပြင်ပအဖွဲ့အစည်းများအနေဖြင့် UNDP မှ အိမ်ထောင်စုရှိအမျိုးသမီးများအား အသေးစား ငွေစု/ငွေချေးလုပ်ငန်းများအား ဆောင်ရွက်ပေးပါသည်။ ထို့အဖွဲ့အစည်းမှ စိုက်ပျိုးရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် စက်မှုလုပ်ငန်းချေးငွေ စသောခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ဘိုကုန်းကျေးရွာတွင် (၂.၅)ဧကမှ (၅)ဧက ကြား အိမ်ထောင်စု (၆)စု၊ (၅)ဧကမှ (၁၂.၅)ဧကကြား အိမ်ထောင်စု (၅၆)စုနှင့် (၁၂)ဧကနှင့်အထက်အိမ်ထောင်စု (၃၁)စု တို့ရှိပြီး အဓိကမှ မိုးရာသီတွင် စပါးကိုသာအားထား စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ အဓိက ဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ကိုလုပ်ကိုင်ကြပြီး ဝင်ငွေရှာဖွေကြပါသည်။ ဘိုကုန်းကျေးရွာရှိ မြေဆီလွှာများမှာ အရည်အသွေးအားဖြင့် အသင့်အတင့် ကောင်းမွန်ပြီး စိုက်ပျိုးလယ်ဧက ပိုင်ဆိုင်မှုများ ရှိပါသည်။

ဘိုကုန်းကျေးရွာသည် အိမ်ခြေ (၄၄၀)ရှိပြီး စိုက်ပျိုးမြေပိုင်ဆိုင်သူများမှာ အိမ်ထောင်စု (၉၃)ဦးသာရှိပြီး၊ မြေယာမဲ့အိမ်ထောင်စုမှာ (၃၄၇)ဦးရှိကြပါသည်။ အချို့သော အိမ်ထောင်စု များမှာ ရေလုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများရှိ သကဲ့သို့ ကျပန်းအလုပ်သမားများလည်းပေါများပါသည်။ မိုးရာသီတွင် မိုးရေရသဖြင့် ရေချိုရ၍ မိုးစပါးတစ်မျိုးသာလျှင် အဓိက စိုက်ပျိုးကြရပါသည်။ နွေရာသီတွင် ရေငံသဖြင့် ရေငံဖုံးလွှမ်းခြင်း ရေရှားပါးခြင်းတို့ကြောင့် အခြားသီးထပ် သီးညှပ်များလည်း မစိုက်ပျိုးနိုင်ပေ။

ထို့ကြောင့် ဘိုကုန်းကျေးရွာပိုင် လယ်မြေများတွင် စပါးတစ်မျိုးတည်းသာ အဓိကစိုက်ပျိုးနိုင်ပြီး စပါးအထွက်နှုန်းမှာလည်းနှစ်စဉ် ရာသီဥတုပေါ်မူတည်၍ အတွက်နှုန်း မတူညီပေ။ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် တင်း (၃)ခန့်သာထွက်ရှိပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးကိရိယာ ပိုင်ဆိုင်မှုအခြေအနေများမှာ လက်တွန်းထွန်စက် (၂၀)စီးနှင့် ချွေလှေ့စက် (၄)စီးတို့သာ ပိုင်ဆိုင်မှုရှိကြပြီး လယ်သမားအများစုမှာ စိုက်ပျိုးရေးသုံးပစ္စည်းများကို ငှားရမ်းအသုံးပြုကြရပါသည်။

ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ပိုင်ဆိုင်မှုအခြေအနေမှာ ရေလုပ်ငန်းလုပ်ကိုင်ရာတွင် စက်တပ်လှေ (၇၀)စီးရှိပြီး သက်မွေးဝမ်းကြောင်းမှုပြုကြပါသည်။ ကျေးရွာရှိ အမျိုးသမီးအများစုသည် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ကြက်၊ဝက်၊ဘဲ တို့ကို တစ်ပိုင်၊ တစ်နိုင် မွေးမြူကြပါသည်။ အချို့မှာ ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းသူများရှိသကဲ့သို့ ဈေးဆိုင်ငယ်များ၊ စက်ချုပ်လုပ်ငန်းများလုပ်ကိုင်ပြီး ဝင်ငွေရှာဖွေကြပါသည်။ အစိုးရဝန်ထမ်း လုပ်သူများ ရှိသကဲ့သို့ အချို့သူများမှာ ရန်ကုန်၊

မန္တလေးမြို့ကြီးများတွင် ဝင်ငွေရရှိရန် ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်သူများလည်း ရှိကြ ပါသည်။ နိုင်ငံရပ်ခြားသို့ သွားရောက် အလုပ်လုပ်ကိုင်ပြီး ဝင်ငွေရှာဖွေကြသူအနည်းငယ်ရှိကြောင်း လည်းတွေ့ရှိရပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် လယ်ယာလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူထားသော ကျွဲအကောင်ရေ (၃)ခန့် ကို မွေးမြူထားသော အိမ်ထောင်စု (၁၀)ဦးခန့်သာရှိပါသည်။ ယခင်ကာလတွင် လယ်ယာလုပ်ငန်း တွင် ကျွဲ၊ နွားများကိုသာ ခိုင်းပြီး ၊ ယခုကာလတွင် လယ်သမားအများစုမှာ ခိုင်းကျွဲများအုပ်စုလိုက် ပျောက်ဆုံးမှုများ ကြုံခဲ့ကြရသဖြင့် စက်ကိရိယာများကိုသာ လိုအပ်သောအချိန်တွင် ငှားရမ်းလုပ် ကိုင်နေကြရပါသည်။ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေး အိမ်ထောင်စု (၅၀)ဦးခန့်ရှိပြီး ဝက်အကောင် ရေ (၅၅)ကောင်ခန့် ရှိပါသည်။ ကြက်မွေးမြူသူ အိမ်ထောင်စု (၃၀၀)ဦးခန့်ရှိပြီး ကြက်အကောင်ရေ (၁၀၀၀)ခန့် မွေးမြူထားကြပါသည်။ ဘဲ မွေးမြူသူ အိမ်ထောင်စု (၅)ဦးခန့်သာရှိပြီး အကောင်ရေ (၃၅)ကောင်ခန့်မွေးမြူထားကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဘိုကုန်းကျေးရွာသည် တစ်ပိုင်တစ်နိုင် ဈေးဆိုင်ငယ်များဖြင့် အရောင်းအဝယ်လုပ်ငန်းများ ကို ဦးစားပေးလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများသည် အသေးစားနှင့် စက်မှုလက်မှု လုပ်ငန်းများ မရှိ သဖြင့် ရာသီအလိုက် ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြရသဖြင့် မိသားစုဝင်ငွေနည်းပါးခြင်းတို့ ကြောင့် လယ်ယာမဲ့လက်လုပ်လက်စား မိသားစုအများစုမှာ စီးပွားရေးကျပ်တည်းမှု များရှိပါသည်။ ရောင်းချရေး ဝန်ဆောင်မှုအရ ဈေးကွက် အသင့်အတင့်ရှိသော်လည်း ဒေသထွက်ကုန်ရှားပါးလာ ခြင်း ဈေးနှုန်းမတည်ငြိမ်မှုများကြောင့်လည်း အိမ်ထောင်စု အများစုတို့မှာ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြရပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေရေးကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေး ငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်း ဖြင့် ငွေထုတ်ချေးပါသည်။ ပုဂ္ဂလိက ငွေကြေးအဖွဲ့အစည်းအနေဖြင့် UNDP အသေးစားချေးငွေအဖွဲ့ အစည်းအနေဖြင့် ကျေးရွာရှိအမျိုးသမီးအဖွဲ့များသို့ ချေးငွေများထုတ်ချေးလျှက်ရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင်းတွင် ချေးငွေလို

အပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများသည် (၃ ကျပ်တိုးနှုန်းမှ ၁၀ ကျပ်တိုးနှုန်း)အထိ တိုးယူကြရကြောင်းတွေ့ရပါသည်။

အစိုးရ၏ လုံလောက်သော ချေးငွေကို အချိန်မှီမရခြင်း ကာလတိုချေးငွေဖြစ်နေခြင်းတို့ကြောင့် ပုဂ္ဂလိကချေးငွေများဖြစ်သည့်အတွက် စပါးဈေးမြင့်သော ဇွန်လ၊ ဇူလိုင်လအထိ သိုလှောင်မထားနိုင်ဘဲ စောလျှင်စွာ ရောင်းချကြ၍ ချေးငွေပြဿနာများကို ဖြေရှင်းကြရပါသည်။

**၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် ဆိပ်ခံတံတားမှာ ကွန်ကရစ်တံတားဖြစ်သော်လည်း နှစ်ကာလ အတော်ကြာပြီဖြစ်သည့်အတွက် တံတားဆောင်ပုံအမိုးများ၊ တံတားတိုင်များ၊ တံတားလက်တန်းများ၊ တံတားရင်းမှ ကျောက်တုံးများ ပြိုကျပျက်ဆီးမှုများ ရှိနေပြီးဖြစ်သည်။ ဆိပ်ခံတံတားမှ နေ၍ ကျောင်း၊ရုံး၊ ကျေးလက်ကျန်းမာရေးဌာန၊ ဆိုလာမီးစက်ရုံတို့သို့ ကျေးလက်ဦးစီးမှ လှူထားသော ကွန်ကရစ်လမ်းဖြင့် ဆက်သွယ်ထားပါသည်။ ဘိုကုန်းကျေးရွာသည် ချောင်းကမ်းဘေးတွင်တည်ရှိပြီး လပွတ္တာမြို့နှင့် သယ်ယူပို့ဆောင် သွားလာရာတွင် ရေလမ်းခရီး တစ်ခုတည်းဖြင့်သာ တစ်နှစ်ပတ်လုံး ဆက်သွယ်ဆောင်ရွက်ကြရပါသည်။

သယ်ယူပို့ဆောင်ရေးအတွက် ကျေးရွာချင်းဆက် တစ်ခြားရွာများသို့ စက်ဘီး၊ ဆိုင်ကယ်စသော ကုန်းကမ်းခရီးမှ လည်းကောင်း၊ ချောင်းများမြစ်များ ခြားနေသော အချို့ရွာများသို့လည်း စက်တပ်လှေငယ်များ၊ လိုင်းသင်္ဘောရေယာဉ်များဖြင့်လည်းကောင်း သွားလာဆက်သွယ်ဆောင်ရွက်ကြပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ဘိုကုန်းကျေးရွာသည် ယခင်က အိမ်ထောင်စုအများစုမှာ ဆိုလာမီးနှင့် ကိုယ်ပိုင်မီးစက်တို့ကို သာအသုံးပြုခဲ့ရသော်လည်း ယခု ၂၀၂၀ခုနှစ်၊ မတ်လမှ စ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီနှင့် နိုင်ငံတော်မှ (၆၀%)၊ ကုမ္ပဏီမှ (၂၀%)၊ ကျေးရွာမှ (၂၀%) အသီးသီးပါဝင်၍ ဆိုလာမီးစက်ရုံဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကျေးလက်ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အသင့်အတင့်တိုးတက်လာခဲ့ကြပါသည်။ယခုအခါ ဘိုကုန်းကျေးရွာတွင် ဆိုလာစနစ်ဖြင့် မီးသုံးစွဲသော အိမ်ထောင်စု (၂၃၆)အိမ်ထောင်စု ရှိပြီဖြစ်ပါသည်။ ရွာလမ်းမတစ်လျှောက်တွင်လည်း ည (၆)နာရီမှ နံနက် (၆)နာရီအထိ ညလုံးပေါက်လမ်းမီးများဖြင့် ညအခါသွားလာရေး အတွက် အဆင်ပြေ နေပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဘိုကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၅၈)လုံး၊ ရေဒီယို (၁၀)လုံးနှင့် ဂြိုလ်တုစလောင်း (၃)ခုတို့ဖြင့် ဆက်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို နေ့စဉ် ဆက်သွယ်စောင့်ကြည့်ပြီး ရယူကြပါသည်။ ထို့ကြောင့် ဆက်သွယ်ရေးကဏ္ဍအနေဖြင့် အတန်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။

## ၆။ ပညာရေး

ဘိုကုန်းကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အထက်တန်းကျောင်းဖြစ်ပြီး ဘိုင့်ဒေါင်ချောင်းအုပ်စု၏ အထက်တန်းကျောင်းသားအများစုတို့ ပညာကြားရာနေရာတစ်ခုဖြစ်ပါသည်။ ဘိုကုန်းကျေးရွာ အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ/မ (၅)ဦး၊ အလယ်တန်းပြ ဆရာ/မ (၆)ဦးနှင့် မူလတန်းပြ ဆရာ/မ (၉)ဦး ရှိပြီး ကျောင်းသားဦးရေ စုစုပေါင်း (၂၄၀)ခန့် ပညာသင်ကြားနေကြပါသည်။ လက်ရှိ ကျောင်းသားဦးရေနှင့် ဆရာဦးရေတို့ လုံလောက်မှု မရှိခြင်းကြောင့် သင်ကြားရေး အပိုင်းတွင် အခက်အခဲများလည်းရှိကြောင်းတွေ့ရှိရပါသည်။ ရွာ၏ အထက်တန်းကျောင်းတွင် ရွာတွင်းရှိ ကျောင်းသား/သူများ အဖို့ သွားလာရန် အဆင်ပြေသော်လည်း ရွာချင်းဆက်ကျေးရွာများမှ ကျောင်းလာတက်ကြသော ကျောင်းသား/သူများအတွက်မူ မိုးတွင်းအခါ ရွာချင်းဆက်လမ်းများ ဗွက်ထ၍ လမ်းများပျက်ဆီးသဖြင့် ကျောင်းတက်ရာတွင် အဆင်မပြေမှုများ များစွာရှိပါသည်။ ပညာသင်ကြားရာတွင်လည်း ဆရာနှင့် ကျောင်းသား အင်အားမမျှတခြင်း ကျောင်းသား/သူများအတွက် စာသင်ကြားရန် ကျောင်းဆောင်များလိုအပ်ချက်ရှိနေပါသည်။ စာသင်ခန်းမလုံလောက်သဖြင့်လည်း တစ်ခန်းလျှင် လိုအပ်သည်ထက် ပိုများနေသော ကျောင်းသားအရေအတွက်ကြောင့် သင်ကြားရေး အခက်အခဲများလည်း ရှိကြောင်းတွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဘိုကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ရှိပါသည်။ ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူး တစ်ဦးနှင့် သားဖွားဆရာမ (၂)ဦးသာရှိပြီး ကျန်းမာရေးဝန်ထမ်းအင်အားလုံလောက်မှုမရှိပေ။ သို့ရာတွင် ဘိုကုန်းကျေးရွာနှင့် အခြားကျေးရွာများသို့ လစဉ်ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လုပ်ငန်းတို့ကိုပြုလုပ်ပေးလျှက်ရှိပါသည်။ ဘိုကုန်းကျန်းမာရေးဌာနတွင် တစ်ပတ်လျှင် (၅)ရက်ဆေးခန်းဖွင့်ပြီး ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုအခမဲ့ဖြင့် စောင့်ရှောက်ပေးလျှက်ရှိပါသည်။ ဝန်ထမ်းအင်အား မလုံလောက်ခြင်းကြောင့်လစဉ်ကျန်းမာရေး ပညာပေးဟောပြောပွဲများ မပြုလုပ်နိုင်သော်လည်း ရာသီချိန်ဖြစ်တက်သောရောဂါများနှင့် ပတ်သက်၍ ပညာပေးဟောပြောပွဲများ ပြုလုပ်လေ့ရှိပါသည်။

သာမန်လူနာများနှင့် သာမန်ရိုးရိုးမွေးလူနာများကိုလည်း ဘိုကုန်းကျန်းမာရေးဌာနတွင် လာရောက်ကုသခြင်း၊ မွေးဖွားခြင်းတို့ကိုလည်း ပြုလုပ်ပေးပါသည်။ အကယ်၍ အရေးပေါ်အခြေ

အနေများနှင့် ကြုံရလျှင်လည်း လပွတ္တာမြို့(၃)မိုင် ဆေးရုံသို့ လွှဲပြောင်းကုသစေခဲ့ပါသည်။ ထိုသို့ လွှဲပြောင်းပေးရာတွင် ဆေးခန်းပိုင် လူနာလွှဲပြောင်းရန် (သွားရောက်ရန်)ယာဉ်မရှိခြင်းကြောင့် လူနာများအတွက် အခက်အခဲများစွာရှိကြောင်းတွေ့ရှိရပါသည်။

ကျေးရွာသူ/သားများအနေနှင့် ကျန်းမာရေးစနစ်တိုးတက်ကောင်းမွန်သော်လည်း ဆင်းရဲသူမိသားစုများသောကြောင့် အချို့မှာ ကျန်းမာရေးအသိပညာအားနည်းနေသေးကြောင့် လေ့လာတွေ့ရှိရပါသည်။ အဟာရချို့တဲ့မှုရှိသော ကလေးများမရှိသော်လည်း ကိုယ်ခံအား ချို့တဲ့မှုကြောင့် မကြာခဏ မကျန်းမာသော ကလေးများကိုလည်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ရွာသူ/သားများ အနေနှင့် ကျန်းမာရေး အသိပညာအားနည်းမှုများရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘိုကုန်းကျေးရွာသည် အိမ်ထောင်စု (၄၄၀)ရှိပြီး သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲသူဦးရေမှာ (၅၀)ခန့်ရှိပြီး ရေလောင်းယင်လုံအိမ်သာ သုံးစွဲသူမှာ (၂၀၀)ခန့်ရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ အိမ်သာဆောက်လုပ်မှု မရှိကြဘဲ ကြုံသလိုကိစ္စပြီးကြကြောင်း တွေ့ရှိ ရပါသည်။ ထို့ကြောင့် ဘိုကုန်းကျေးရွာရှိပြည်သူများသည် အိမ်သာနှင့် ပတ်သက်၍ ဗဟုသုတရှိသော်လည်း လိုက်နာမှု အသိအားနည်းကြောင်းတွေ့ရှိရပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ကျေးရွာတွင်နှစ်စဉ် မိုးများသောကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးပင်များ ပျက်ဆီးဆုံးရှုံးမှုများရှိပါသည်။ ကျေးရွာရှိ ရွာသူ/ သားများသည် ဘူးခွံ၊ ပလပ်စတစ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်သည့် အလေ့အကျင့်မရှိသော ကြောင့်လည်း သဘာဝပတ်ဝန်းကျင်ညစ်နွမ်းရခြင်းဖြစ်ပါသည်။

ဘိုကုန်းကျေးရွာသည် ချောင်းကမ်းဘေးတွင်တည်ရှိနေသဖြင့် ချောင်းရေတိုက်စားမှုကြောင့် မြေများပြိုကျကာ ရွာလမ်းမကြီး ပြိုကျ၊ ပဲ့ကျမှုများ ရှိနေပါသည်။ သို့အတွက်ကြောင့် ထိုမြေပြိုကျသောနေရာအား ရေကာ တိုင်များ စိုက်ထူပြီး သဲမြေဖြန့်ဖို့ခြင်း၊ အမှိုက်များ စွန့်ပစ်ခြင်းတို့ပြုလုပ်ခဲ့ခြင်းကြောင့် ရွာလမ်းမ မှာ အတော်အသင့်ပြန်လည်ကောင်းမွန်ခဲ့သော်လည်း ရေကြီးချိန်တွင် ရေရောက်ရှိမှုကြောင့် အမှိုက်များစုပြုံနေခြင်း၊ စွန်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင် ညစ်နွမ်းနေမှုများရှိနေပါသည်။ လူနေအိမ်များတွင်လည်း စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်သည့် အလေ့အထနည်းခြင်းတို့ကြောင့်လည်း သဘာဝပတ်ဝန်းကျင်ကို ညစ်နွမ်းစေသော အကြောင်းတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးပြီး အမှိုက်များစွန်ပစ်ရန် နည်းလမ်းများ စနစ်တကျစွန့်ပစ်ရန် နေရာများကို ညွှန်ပြပေးခြင်းဖြင့် အမှိုက်များစနစ်တကျစွန့်ပစ်တက်လာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများအား လိုက်နာကျင့်သုံးတက်လာမည်ဖြစ်ပါသည်။

## ၉။ ကျား– မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင်လူဦးရေးအားဖြင့် အမျိုးသား (၈၃၇)ဦး၊ အမျိုးသမီး (၈၇၈)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ အမျိုးသား (၅၇၄)ဦး၊ အမျိုးသမီး (၅၈၅)ဦးရှိပါသည်။ ကျား/မ ရေးရာနှင့်ပတ်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်၊ လပြတ် စသည်ဖြင့် ဌားရမ်းလုပ်ကိုင်ကြပါသည်။တစ်ရက်လျှင် လုပ်အားခ အများဆုံးမှာ (၄၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်)အထိ နေ့စားခ ရရှိ၍ အနည်းဆုံးလုပ်အားခ (၃၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်)အထိ ရကြပါသည်။ လယ်ယာလုပ်ငန်းခွင်ရာသီတွင်သာ အလုပ်သမားများ လုပ်အားခ ရရှိကြသော်လည်း ကျန်ရာသီချိန်များတွင် အလုပ်အကိုင်ရှားပါးမှုကြောင့် မြစ်၊ ချောင်း များတွင်းတွင် ပိုက်ထိုး၊ ဂဏ္ဍာန်းထောင် လုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။

အမျိုးသမီးများသည် အိမ်မှုကိစ္စများအပြင် လယ်ယာလုပ်ငန်းခွင်တွင်လည်း စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများဝင်ရောက် လုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးမှုပြီးဆုံးချိန်များတွင်မူ ခေါင်းရွက်၊ဗျက်ထိုးစျေးရောင်းချခြင်း၊ ခနိခုတ်ခြင်း၊ အချို့မှာ ပိုက်ထိုး၊ ဂဏ္ဍာန်းထောင်ခြင်းလုပ်ငန်းများကို ယောကျ်ားများနှင့် ရင်ဘောင်တန်း၍ လုပ်ဆောင်ကြပါသည်။

၁၀။ ဘိုကုန်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | တံတားဆောင်ပုံပြုလုပ်ခြင်းလုပ်ငန်း | ၂ |
| ၃ | အခြေခံအဆောက်အဦ | ကမ်းပါးပြိုမြေထိန်းနံရံပြုလုပ်ရန် | ၃ |
| ၄ | အခြေခံအဆောက်အဦ | ဘက်စုံသုံးခန်းမတည်ဆောက်ရန် | ၄ |
| ၅ | အခြေခံအဆောက်အဦ | ရေနုတ်မြောင်းတူးဖော်ခြင်း | ၅ |

# အပိုင်း (၁)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

| |
|---|
| **ကျေးရွာ – ဘိုကုန်း**<br>**ကျေးရွာအုပ်စု – ဘိုင်းဒေါင့်ချောင်း**<br>**မြို့နယ် – လပွတ္တာ**<br>**တိုင်းဒေသကြီး/ပြည်နယ် – ဧရာဝတီ** |
| **စီမံချက်အမည် – မြေသားလမ်း (၈၂၃'×၆'×၆'')အား ကွန်ကရစ်လမ်းအဆင့်သို့မြှင့်တင်ခြင်း** |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**<br>. ယခုလက်ရှိလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့်အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲပါသည်၊<br>. ကျောင်းသား/သူများ အနေဖြင့် လမ်းတွင်ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား/ပြန် အခက်အခဲများရှိနေပါသည်၊<br>. ထိုအပြင် မိုးတွင်းကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်၊ |
| **စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုမိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>. မိုးတွင်းကာလ မိုးကြီးသည့်အခါတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များမရှိစေရန်၊<br>. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊<br>. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊ |
| **မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>. ကွန်ကရစ်လမ်းခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေလွယ်ကူလာမည်။<br>. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်။<br>. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်။ |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>. ဘိုကုန်းကျေးရွာတွင်း မြေသားလမ်း (၈၂၃'×၆'×၆'')အား ကွန်ကရစ်လမ်းအဆင့်သို့မြှင့်တင်ခြင်း<br>. |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** |

| ခန့်မှန်းကုန်ကျစရိတ်(ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| . ၁၀၀၀၀၀၀ဝိ/- (ငွေသား)<br>. ၁၀၀၀၀၀ဝိ/- (ငွေသား) | . ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>. ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | | | | | ပေါင်း |
| ကျေးရွာအဆင့် | ၈၃၇ | ၈၇၈ | ၁၇၁၅ | ၂၀ | ၁၂၀ | ၂၀၀ | ၁၀၀ | ၄၄၀ |
| အကျိုးခံစားမည့်သူဦးရေ | ၈၃၇ | ၈၇၈ | ၁၇၁၅ | ၂၀ | ၁၂၀ | ၂၀၀ | ၁၀၀ | ၄၄၀ |
| မှတ်ချက်၊ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**

. ဘိုကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂)စီမံချက်စတင်မည့် အချိန်ခန့်မှန်း -၁၃-၃-၂၀၂၂**

**(၃) စီမံချက်ပြီးစီးမည့်အချိန်-၉-၄-၂၀၂၂**

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်-**

. ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ ချပြဆွေးနွေးတိုင်ပင်ပါမည်။

. ကျောက်ချော

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**

. ဘိုကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

. လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။

. လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲများ ဆောင်ရွက်ခွင့်ရှိပါက ဆောင်ရွက်သွားပါမည်။

. လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် အစီအစဉ်များရေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

. ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/သား များ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

ဘိုကုန်းကျေးရွာ၊ဘိုင်းဒေါင့်ချောင်းကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး

လုပ်ငန်းကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန့်ဇင်အောင် | ဦးသိန်းအောင် | ၁၄/လပတ(နိုင်)၂၅၁၈၉၀ | ၅၀ | ၉တန်း | ၀၉-၄၀၃၁၃၄၇၅၂ |
| ၂ | ဦးအောင်သန်း | ဦးမောင်သောင်း | ၁၄/လပတ(နိုင်)၀၂၉၂၈၀ | ၅၁ | ၇တန်း | ၀၉-၂၅၀၇၄၉၂၉၃ |
| ၃ | ဦးစည်သူစိုး | ဦးတင်အေး | ၁၄/လပတ(နိုင်)၁၂၇၁၀၂ | ၃၆ | ၁၀တန်း | ၀၉-၆၉၉၆၈၂၇၁၂ |
| ၄ | ဒေါ်တင်တင်မြင့် | ဦးကြည်မောင် | ၁၄/လပတ(နိုင်)၀၈၁၂၈၆ | ၄၂ | BA(Myanmar) | ၀၉-၄၀၃၁၃၅၇၁၆ |
| ၅ | ဦးအောင်ဇော်ဟိန်း | ဦးကျင်ဟန် | ၁၄/လပတ(နိုင်)၁၄၀၆၉၄ | ၃၅ | B.Sc(Physics) | ၀၉-၄၄၂၄၇၇၃၁၁ |
| ၆ | ဦးသန်းထိုက် | ဦးသိန်းဟန် | ၁၄/ပစလ(နိုင်)၀၀၁၆၆၀ | ၃၅ | ၁၀တန်း | ၀၉-၄၂၂၇၄၅၈၃၀ |
| ၇ | ဒေါ်တင်ဇာမြင့် | ဦးမြင့်သိန်း | ၁၄/လပတ(နိုင်)၁၃၂၃၀၄ | ၃၆ | B.Sc(BioTechnology) | ၀၉-၂၅၈၆၆၀၈၅၁ |
| ၈ | ဒေါ်သွယ်သွယ်လှိုင် | ဦးညွှန့်စိမ်း | ၁၄/ကဘလ(နိုင်)၀၉၉၃၁၁၆ | ၃၄ | ၇ တန်း | ၀၉-၂၆၄၄၆၈၂၅၂ |
| ၉ | ဒေါ်သန္တာထွန်း | ဦးမောင်ငြိမ်း | ၁၄/ပစလ(နိုင်)၀၅၅၆၄၆ | ၃၄ | ၁၀ တန်း | ၀၉-၄၀၃၁၃၄၂၁၄ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၁၀ | ၁၉ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅၅ | ၄၄ | ၉၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၇၈ | ၉၂ | ၁၇၀ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈၅ | ၉၃ | ၁၇၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၇၄ | ၅၈၅ | ၁၁၅၉ | ၁ | ၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၆ | ၅၄ | ၉၀ | | |
| စုစုပေါင်း | | ၈၃၇ | ၈၇၈ | ၁၇၁၅ | ၂ | ၂ |
| စုစုပေါင်း အိမ်ထောင်စု | | ၄၄၀ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီ အရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)၁၈ နှစ်မ ပြည့်မီ အရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည် မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁ ၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ ဘိုကုန်းကျေးရွာသည် အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိလူဦးရေများသော်လည်း အလုပ်လုပ်ကိုင်အတည်တကျမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် မိုခိုသူများသကဲ့သို့ ဖြစ်နေသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်နေးခြင်းအနေအထား တို့တွေ့ရှိရကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုချောစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၉၃ | ၁၀၉ | ၁၀ | ၉၄ | ၁၅ | ၂ | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇၃ | ၁၀၀ | | ၇၅ | ၂၅ | ၄ | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရွေးချယ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | ၆ | ၂ | ၁ | ၆ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၉ | ၃၀ | ၅ | ၁၇ | ၁၃ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် - အိမ်ထောင်စု | အဓိက အလုပ်အကိုင် - မိသားစုဝင်လုပ်အား | အဓိက အလုပ်အကိုင် - အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | အဓိက အလုပ်အကိုင် - ဦးရေ - ကျား | အဓိက အလုပ်အကိုင် - ဦးရေ - မ | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုခြေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | | | | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၃၁ | | ၆ | ၂၅ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုချောစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | ၂ | | ၃ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၂၃၃ | ၃၀၀ | ၃၅ | ၂၅၀ | ၅၀ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၄၄၀ | ၁၄၄၉ | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။။** ဘိုကုန်းကျေးရွာတွင်ရာသီအလိုက် လုပ်ကိုင်သူလူဦးရေများပြားနေခြင်းကြောင့် အလုပ်လုပ်ကိုင်အခွင့်အလမ်းရရှိမှုနည်းပါးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှောက်နှေးခြင်းတို့ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၅၀၀၀ | | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။ ကျေးရွာမှာအလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကိုတွေ့ရှိရပါသည်။လက်လီလက်ကား ရောင်းဝယ်ရေး လုပ်ငန်းများ လုပ်ကိုင်ကြပြီး အချိန်ကာလအားဖြင့် တစ်နှစ်ပတ်လုံးအစဉ်မပျက်လုပ်ကိုင်နေရခြင်းမျိုး မဟုတ်ပဲ လုပ်ငန်းရာသီချိန်အတွင်းလုပ်ကိုင်ရသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၈-၁)	စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၅၉၁ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၂ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၃ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| ဓနိတောမြေ | ၁ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်✔ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ✔ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၆၀၇ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။ ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာအရည်အသွေးဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလဉ်ဧကပိုင်ဆိုင်မှုမှာ(၁၅၉၁)ဧကနှင့် ဓနိတောမြေမှာ(၁)၊ဥယျာဉ်ခြံမြေမှာ(၁၂)ဧကနှင့်မြေလပ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈-၂)	ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခဲတတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✔ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ✔ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ✔ အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ✔ နည်း ☐ မရှိ ✔ | လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ✔ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့် ✔ နည်း ☐ မရှိ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ✔ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ✔ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✔ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |

